


စိုးမိုးစာပေ
(လုံးချင်းဝတ္ထုသစ်)
မြူလဲသူမယ်
မပဟာနန္ဒာ
L လင်း

# အခန်း(၁)

ရတနာစံတစ်အိမ်လုံး တိတ်နေ၏။ ဘာသံမှ မကြားရ။ အားလုံး၏ မျက်ဝန်းအကြည့်တွေက တစ်နေရာတည်းမှာ ပဲ ရှိနေ၏။ တစ်ခန်းလုံး အပြည့်ထိုးထားသည့် ပွဲများ နှင့် ထုံအီနေသော ပန်းရနံ့၊ အမွှေးတိုင်ရနံ့ စူးစူးရှရှတွေကြောင့် စိတ်အာရုံက တစ်မျိုးတစ်မည် ဖြစ်နေကြရသည့် အထဲ တစ်ကိုယ်လုံး ရွှေတိုးနောက်ငင် လှုပ်လှုပ်ရွရွ ဖြစ်နေသည့် နတ်ကတော် မိထော်ပုံစံကလည်း တစ်မျိုး စိတ်ဝင်စားဖြစ်နေ၍ တင်မနှင့် အဖော်ပါလာသူတွေ အားလုံး မိထော်မျက်နှာ အလှုပ်အရွေ့မှာ မျောပြီး တစ်နေရာတည်း အကြည့်တွေ စုပြုံရောက်နေခြင်း ဖြစ်သည် ။

'အိမ်း'

'ဒီမှာ အခု မွေးမှာ က မိန်းကလေး'

နတ်ကတော် မိထော်က တင်ပုလ္လင်ခွေကို ခါးဆန့်၍ မတ်မတ်ထိုင်ရင်း ပေါင်နှစ်ဖက်ကို လက်ဖဝါးစုံထောက်၍ ဘယ်ယိမ်းလိုက် ညာယိမ်းလိုက်၊ ခန္ဓာကိုယ်က တစ်စုံတစ်ရာ ဝင်ပူးကပ်တာမျိုး တဆတ်ဆတ်တုန်ယင် ယိမ်းထိုးနေသည့်ကြားမှ ထိုစကားကို ပြောလိုက်ခြင်း ဖြစ်သည် ။

'ဟုတ်ပ့ါမလား၊ တင်မတို့ ဗိုက်ကြီးကတည်းက သွားလိုက်လာလိုက်တာ တလွှားလွှား၊ အလှအပ မကြိုက်တဲ့ အပြင် ဟိုအပင် ဒီအပင် ခုန်ကူးတာ မျောက်အတိုင်းပဲ'

‘ဟဲ့… ဒါတင် ဘယ်ကလို့ တုန်း ၊ အမြဲတမ်း ခေါင်းငုံ့ငြိမ်သက်ခဲ့တဲ့ တင်မ၊ ဒီဗိုက်ကြီးမှ ယောကျ်ားဆိုလည်း နိုင်လိုက်တာ၊ နှစ်ယောက်မရှိတာ ကြည့်တော့’

နတ်ဝင်သည် ရဲ့ ရှေ့မှာ တင်မက နေ့စဉ်လစဉ် ကိုယ်ဝန်လွယ်ထားရသူဖြစ်၍ သူမ နောက်မှ သူမအတင်းကို တီးတိုးပြောသူတွေကို လှည့်ကြည့်ပြီး မျက်စောင်းရွယ်လိုက်၍ အသံတွေ နည်းနည်းငြိမ်သွားပေမယ့် ဟိုတပဟ ဒီတစ်စ တီးတိုးဝေဖန်သံတွေ ထွက်နေတုန်းဖြစ်သည် ။ နတ်ဝင်သည် မိထော်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ မျက်လုံးစုံမှိတ်ထားရာမှ တဆတ်ဆတ် ပိုတုန်ယင်လာကာ ပါးစုံဖောင်းဖောင်းကြီးတွေ ပြူတ်ကျတော့ မတတ်ယိမ်းခါနေရင်း

‘ဟေ့… မိထော်ကို မယုံတဲ့ သူ ရှိနေသလား’

မိထော်က အသံသြကြီးနှင့် မာန်ပါပါ ထအော်တော့ အားလုံး အသံက တိတ်ကျသွားပေမယ့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်အောင် ကြည့်လိုက်ကြသေးသည် ။

‘ဟမ်… မိထော်ကို စော်ကားတာ သုံးဆယ့်ခုနှစ်မင်းသော နတ်တွေကို စော်ကားတာနဲ့ အတူတူပဲဟေ့… နော်’

‘ဒီမှာ … ဟေ့’

‘ဝုန်း’

‘ဒုန်း’

နတ်ကတော် မိထော်က သူ့ရှေ့ကြမ်းပြင်ကို လက်ဝါးကြီးနဲ့ ဖြန်းခနဲ ဒုန်းခနဲ ပုတ်တော့ တစ်အိမ်လုံးရှိ လူတွေအားလုံး ထိတ်လန့်တုန်သွားကြသည် ။

‘မိထော်ဟောရင် လွဲသလားဟေ့’

‘မ… မဟုတ်ပါဘူး၊ မလွဲပါဘူး ကိုထော်ကြီးရယ်’

‘ဟဲ့… တင်မ’

‘ရှင်… ကိုထော်ကြီး’

မိထော်က အသံဝါကြီးနဲ့ ထအော်မှ တင်မဆိုသူ ဗိုက်ကြီးသည် ကကိုယ့်အမှား ကိုယ်သိပြီး နတ်ကတော် မိထော်ကို အလန့်တကြား လှမ်းကြည့်သည် ။

‘အဲ… မဟုတ်ပါဘူး မထော်ကြီးရယ်၊ မထော်ကြီး ဟောတာ မလွဲဘူးလို့ ကျုပ်က လက်ခံထားပြီးသားပါတော့၊ နောက်ကလူတွေ ပြောတာကိုနားယောင်မနေပါနဲ့ မထော်ကြီးရဲ့ ’

‘အိမ်း… ဒါဆိုပြီးတာပဲ၊ ငါ ကျွတ်စီစီအသံတွေ မကြားချင်ဘူး၊ မိသိန်းမြ… ညည်းနော်၊ ငါ့ကို မယုံမကြည် မလုပ်နဲ့ ’

မိန်းမအုပ်စုထဲမှာ မိသိန်းမြဆိုသူက အလန့်တကြား မျက်လွှာချသွားရင်း နတ်ဝင်နေသော မိထော်ကို မလုံမလဲကြည့်သည် ။

‘အမိုက်အမဲလေးတွေမို့ ဗွေမယူပါနဲ့ မထော်ကြီးရယ်၊ မထော်ကြီးကိုယုံပါတယ်’

‘အေး… မယုံလို့ လည်း မရဘူး၊ ညည်းယောက်ျားကိစ္စတုန်းက ကျုပ်ဟောခဲ့တာ ကွက်တိ၊ ဒက်ထိလေ’

‘အို… မထော်ကြီးနော်၊ လူစုံပြီဆိုရင်’

မိသိန်းမြစကား တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည့်အထဲမှာ ဒေါသလည်း ပါသည် ။ မျက်စောင်းလည်း ရှယ်မိပေမယ့် မရဲတရဲဖြစ်သည် ။

တင်မ နောက်ဘက်လှည့်ကြည့်ရင်း မိသိန်းမြကို အံကြိတ်ကာ အသံတိတ် နှုတ်ခမ်းလှုပ်ရုံ ဆဲသည် ။ ကောင်စုတ်မ… မိထော်ကြီးအကြောင်းလည်း မသိတာမဟုတ်ဘဲ သွားစတာရယ်လို့ ပဲ အပြစ်တင်ချင်သည် ။ မထော်ကြီးက တင်မယောက်ျား ကိုမော်ရဲ့ တစ်ဦးတည်းသော ဆွေမျိုး။ မိဘမဲ့ခဲ့သည့် ကိုမော်နှင့် ကိုထော် ညီအစ်ကိုနှစ်ယောက်မှာ ကိုမော်က အငယ်ဆိုပေမယ့် ကိုထော်အပေါ် ကိုမော်က အုပ်ချုပ်ခဲ့ရတာ။ အစ်ကိုတစ်ယောက်ထက်ပိုသော ဖခင်မေတ္တာမျိုးနှင့် ဖြစ်သည် ။

'အစ်ကိုဆိုပေမယ့် မင်းသိသားပဲ တင်မ၊ ကိုထော်ကြီးက နတ်ကတော်ယောင်ယောင် အကြားအမြင်ယောင်ယောင်နဲ့ ဒီကြားထဲ စိုမှန်းမသိ ခြောက်မှန်းမသိ'

တင်မယောက်ျား ပြောလည်း ပြောချင်စရာ။ တင်မတို့ တစ်မြို့လုံးက ကိုထော်ကြီး လုံးရာက ပြားချင်နေသည့် ဓာတ်သိရပ်သိ။ သိဆို ဒီမြို့မှ ပဲ မွေး၊ ဒီကျောင်းမှာ လုံးထွေးကစားရင်း ကျောင်းတတ်ခဲ့ကြကာ အရွယ်ရောက်တော့လည်း ဒီမြို့သူမြို့သားချင်း တစ်အိုးတစ်အိမ် ထူထောင်ခဲ့ကြသူများ ။ ထိုအစဉ်အလာထဲမှာ ကိုထော်ကြီး မပါ။

'ကိုထော်ကြီးလည်း သူ့ဝါသနာပါရာ လုပ်ပါစေ၊ ပြောသာပြောတယ်၊ တင်မတို့ မြို့တင်မကဘူး၊ အခြားမြို့တွေကပါ ကိုထော်ကြီးက သတင်းမွှေးတာ၊ စီးပွားရေးမှာ သူ ဒီနှစ် ဘာလုပ်ဘာကိုင်ပြောရင် လိုက်လုပ်တဲ့ သူက သူဌေးဖြစ်မြန်တာပဲ၊ ကျန်းမာရေးဆိုလည်း သူ သက်သာမယ်ပြောရင် နေ့မကူးဘူး၊ လူနာက ခေါက်ခနဲ ထထိုင်တာနဲ့ ၊ မကုနဲ့တော့ပြောရင် စကားမဆုံးဘူး၊ လူနာက အသက်ထွက်ရောတဲ့ ၊ ကဲ… တော်… တခြားမကြည့်နဲ့ ၊ ကိုမော်နဲ့ တင်မကိုပဲ ကြည့်'

သူ့အကြောင်းပြချက်နဲ့ သူ တင်မကပြောတော့ ကိုမော်မှာ အစ်ကို

ဖြစ်သူအတွက် အမြဲပိုင်တွေရသည် ။မြေလတ်က တစ်မြို့လုံး အလှဆုံး တင်မမကို မြတ်နိုးစွာ ချစ်ခဲ့သည် ။ အသားညိုစိမ့်စိမ့်မှာ အရပ်မြင့်ပြီး ခန္ဓာကိုယ်သွယ်တာကျတော့ တင်မ ခြေတစ်လှမ်းမှာ ကုဋ္ဌေတစ်သန်းတန်တယ်လို့ သူ ထင်မှတ်ထားသည် ။ ဒါပေမဲ့ တခြားအရာတွေမှာ ပြောရဲဆိုရဲ မိုက်ရဲသလောက် မဟုတ်မခံရှိတဲ့ ကိုမော်က နှလုံးသားရေးတော့ အဖြစ်မရှိခဲ့။

'ချစ်တာက အပြစ်မှ မဟုတ်တာ၊ ဖွင့်ပြောကွ၊ တော်ကြာ တခြားလူဦးသွားလိမ့်မယ်၊ မင်းမိဘ ထားခဲ့တဲ့ အမွေနဲ့ တင် မင်းက သူဌေးပါကွ၊ ဘာကြောက်နေတာလဲ'

'တင်မ မိဘတွေက ငြင်းမှာ မဟုတ်ပါဘူး၊ မင်းက ချမ်းသာတယ်၊ အလုပ်လည်း ကြိုးစားတယ်၊ အရက်သောက်ပြီးရင် မဟုတ်မခံစိတ်လေးနဲ့ ရန်ဖြစ်တတ်တာကလွဲရင် အားလုံးအိုကေပါတယ်'

တင်မနှင့် သူ့ကိစ္စကို အားလုံးက ဝိုင်းပင့်ကြ မြှောက်ကြပေမယ့် တော်တော်နှင့် မပြောရဲ။

သူတို့ ပြောသမျှ အမှန်တွေပေမယ့် သတ္တိနည်းသူပီပီ ထန်းရည်အိုးထဲ ခေါင်းနစ်ပြီး ချစ်တတ်တာကို မူးရူးမေ့ပစ်ဖို့ ကြိုးစားသည် ။ တင်မတို့ ကတော့ ထိုထိုသော သတင်းတွေကြောင့် သူ့ကိုမြင်လျှင် ကွေ့ပတ်ရှောင်သွားသည် ။ မရှောင်လို့ တည့်တည့်တိုးပြန်တော့လည်း မျက်နှာထားတင်းတင်းနှင့် ကိုမော်ကို ရန်သူတစ်ယောက်လို အငြိုးတကြီးကြည့်တတ်သူ ဖြစ်လာ၏။

'ဘယ်လောက်ချမ်းသာပါစေ၊ ဘုရားမကြိုက် နတ်မကြိုက်တဲ့ အရည်တွေ မျိုချနေတဲ့ လူမျိုးတော့ ဒီဘဝ တင်မ မစဉ်းစားဘူး၊ ယူစရာယောကျ်ား မရှိရင် ငှက်ပျောတုံး ဖက်သေပစ်မယ်၊ အရက်သမားမယား

တော့ အဖြစ်မခံနိုင်ဘူး’

တင်မက အားလုံးရှေ့မှာ ရော ကွယ်ရာမှာ ပါ ကိုမော်ကြားအောင် တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ပြောသမျှ ကိုမော်ရင်သို့ တိုက်ရိုက် စူးသော မြားတစ်စင်းဖြစ်သည် ။ ရှေ့တိုးမည့်ခြေလှမ်းက နောက်ဆုတ် ပေမယ့် တင်မကိုကြောက်ပြီး ရောက်တဲ့ နေရာမှာ ပဲ ရပ်တန့်နေခဲ့သည် ။

ဒီသတင်းတွေ ထော်ကြီးကြားတော့ ကိုထော်ကြီးက ကိုမော်ရှေ့ နတ်ကတော်ဟန်ပန် အပြည့်နှင့် ရောက်ချလာ၏။ ဒါကြီး ကို နဂို ကတည်းက ကိုမော် မကြိုက်တာနှင့် ညီအစ်ကိုနှစ်ယောက် ထိုးကြ ကြိတ်ကြတော့မည်အထိ ပြဿနာက ကြီးကျယ်ခဲ့ပေမယ့် ထိုရန်ပွဲရလဒ် က ဆန့်ကျင်ဘက်အဖြစ်တွေနှင့်။ သူက လက်သီးတရွယ်ရွယ်၊ ထော် ကြီးက လက်အုပ်တချီချီနဲ့ အများ အမြင်မှာ ရယ်စရာဖြစ်မှန်းမသိ ဖြစ်ခဲ့ သည် ။

‘ငါပြောတာ နားထောင် ကိုမော်၊ မင်းနှလုံးသားလမ်းကြောင်းမှာ ခံ နေတဲ့ ကျွန်းကို ငါ့အစွမ်းနဲ့ ဖျက်ပေးချင်လို့ ပါ မောင်မင်းကြီးသားရဲ့ ’

‘ဘာအစွမ်းလဲ၊ မင်းအချိုးကိုပြင်နော် ထော်ကြီး၊ ငါ့ရှေ့ ပတ်ချွဲနှပ်ချွဲနဲ့ ရင်တခါခါ ဖင်တခါခါ လာမလုပ်နဲ့ ၊ ငါက အစ်ကိုသော ဘာသော မသိ ဘူး၊ တစ်ခါတည်း ကန်ထုတ်မှာ နော်’

အချစ်ကို ဆာလောင်သောစိတ်က ထစ်ခနဲရှိ ဒေါသကိုပဲ ဦးတည်နေ သည့်အတိုင်း ဘာပဲဖြစ်ဖြစ် တွေ့ကရာ မြင်ကရာ မီးကုန်ယမ်းကုန် ပေါ က်ကွဲချင်နေသည့်အထဲ ကိုထော်ကြီးပုံစံက မျက်စိထဲ မြင်ပြင်းလည်း က ပ်၊ သဘောလည်း မတွေ့ ဖြစ်ခဲ့ပြီး ပွဲကြမ်းချင်နေပေမယ့် ကိုထော်ကြီးစ ကားက သူ့ကို ငြိမ်ကျသွားစေတာ တင်မကို ချစ်သည့်စိတ်နဲ့ ကိုထော်

ကြီးစကားကို ဘာမှ ပြန်မပြောနိုင် ဖြစ်သွားရတာပါ။

တစ်နည်းပြောရလျှင် ကိုမော်ကို ကိုထော်ကြီးက ပွဲဦးထွက်မှာ ကတ ည်းက စကားတစ်ခွန်းတည်းနဲ့ အပြတ်အသတ်နိုင် သွားခဲ့သည် ။

'ငါပြောတာ ဆုံးအောင်နားထောင်ပါ ကိုဒေါသကြီးရဲ့ ၊ ဒီမှာ ... တင်မ မင်းကိုပြန်ကြိုက်အောင် တစ်လအတွင်း စွမ်းဆောင်ပေးမယ်၊ တစ်လ အတွင်း ငါပြောသလို ဖြစ်မလာရင် မင်း ထကန်ရုံတင်မကဘူး၊ ငါ့ကိုပါ တစ်ခါတည်း အသေသတ်'

ကိုမော်တို့ က တင်မနှင့် ပတ်သက်လာတိုင်း တောင့်ခံတတ်သော နှ လုံးသားမရှိခဲ့။ ကိုထော်ကြီးစကားမှာ ငိုင်တွေသွားကာ မယုံကြည်သော် မျက်နှာနှင့် အစ်ကိုဖြစ်သူကို အကဲခတ်သည် ။ ထော်ကြီးကတော့ စိတ် ထဲမှ ဟွန်းခနဲ မဲ့ပစ်ပေမယ့် အပြင်မှာ ညီဖြစ်သူ သူ့အပေါ်ယုံကြည်လာ အောင် ရင်ထဲက ခံစားချက်ကို ကျိတ်မျိုချလျက် မျက်နှာထားတည်တည် နှင့် ကိုမော်ကို ပြန်ကြည့်သည် ။

'ငါပြောတဲ့ အတိုင်း ဖြစ်ခဲ့ရင်တော့ မင်း ငါ့ပညာကို အားမပေးရင် နေ၊ မကန့်ကွက်နဲ့ '

ကြည့်စမ်း... ဒါ ကိုထော်ကြီးက သူ့ဘဝသူ အရှင်လတ်လတ်ကြီး ဘ ဝပြောင်းခွင့်ပါမစ် သူ့ဆီက တောင်းပစ်လိုက်တာ မဟုတ်လား။ အစ်ကို ဖြစ်သူအတွက် ရင်နာရပေမယ့် တင်မကိစ္စမှာ ကိုထော်ကြီးပေးခဲ့သော ကတိကြောင့် ကိုမော် ခေါင်းညိတ်သဘောတူလိုက်သည် ။ တစ်မသာရ လျှင် ကမ္ဘာတစ်ခြမ်း မှောင်သွားလည်း ဂရုမစိုက်။ ဒီအစ်ကိုကို ပြုပြင်မ ရတဲ့ အဆုံး သူပျော်ရာ ဘဝမှာ သူ ထားပစ်ခဲ့တော့မည်။

'အေး... မင်းပြောသလို ဖြစ်မလာခဲ့ရင်...'

‘ငါ့ရဲ့ ပညာသည် ဘဝကို စွန့်လွှတ်မယ် ငမော်’

ဒါတော့ အရှုံးမရှိပါလို့ တွေးရင်း ထော်ကြီး ပြောသမျှ သူ နာခံခဲ့သည် ။

‘နင် ထန်းရည်ဖြတ်နော်၊ ငါကလည်း ကိုယ်တော်လေးဆီသွားပြီး အမိဌာန်ဝင်ရမှာ ၊ ဆိုင်ရာပိုင်ရာတွေကိုတော့ တောင်းပန်ပြီးပြီ၊ တင်မဆိုတဲ့ ဟာမ… မာနတံခွန်ကြွေကျပြီး နင့်ခြေရင်း ဝပ်ဆင်းလာစေ့မယ်’

ထော်ကြီး ပြောတုန်းက ကိုမော် မယုံပေမယ့် ထော်ကြီးရဲ့ များ စွာသောနည်းလမ်းတွေ ဘယ်လိုစွမ်းသလဲမသိ။ တင်မက မေးပြောခေါ်ထူးနှုတ်ဆက်လာသည် ။ ရွာထိပ်ကန်ကြီးမှာ တွေ့ကြပြန်တော့လည်း အရင်လို မျက်နှာထားတည်တည်နှင့် ရန်မပြုတော့။

‘ကိုရင်မော်… ကျုပ်ကို ရေအိုးလေး ပင့်ပေးစမ်းပါတော်’

ကိုမော့်အမည်ကို တရင်းတနှီးခေါ်ပြီး ခိုင်းစရာရှိတာ ခိုင်းလာ၏။ ဒီနောက်တော့ ခင်မင်မှုတိုးကာ စကားပြောလာ၏။

‘တော်… ထန်းရည် ဖြတ်လိုက်ပြီဆို’

‘ရန်ဖြစ်သံ မကြားရတော့ဘူးနော်၊ တော် လိမ္မာတာ တစ်ခဏလား၊ တစ်ဘဝလား’

ကိုမော်နှင့်တင်မ ရင်းနှီးလာခဲ့ပြီးနောက် ကိုမော်က ထော်ကြီးပေးသော အဆောင်လက်ဖွဲ့ကို ပါးစပ်ထဲငုံပြီး တင်မကို ရည်းစားစကားပြောတော့ တင်မက ကိုမော့်ကို မကြည့်ဘဲ ခေါင်းငုံ့ မျက်လွှာချထားသည် ။

‘တော်… တကယ်လိမ္မာပြီဆိုတဲ့ အခါ လူကြီးစုံရာနဲ့ လာတောင်းပါ’

‘တကယ်လား တင်မရယ်’

‘တကယ်ပေါ့တော်’

တင်မက ဒီနေ့အဖြေပေး၊ ညနေ ကိုမော်က ကန်တော့ပွဲကြီးနှင့် တင်မတို့ အိမ် ရောက်ချသွားတာ အခုပြန်တွေး၊ အခုထိ ရယ်ချင်နေတုန်းပါ။ တင်မတို့ ဘက်က ကိုမော်ကို အကန့်အကွက် မရှိဘဲ မိဘတွေက သဘောတူတော့ ဘယ်ချောင်မှာ ကုပ်ကပ်နေမှန်းမသိသော ကိုထော်ကြီးက ရင်ဘတ်ကို ဖြန်းဖြန်းမြည်အောင် ထရိုက်ရင်း ကိုမော့်ရှေ့ ရောက်လာ၏။

‘ကိုမော်… မင်း ကတိအတိုင်းနော်’

‘ဘာလဲ’

‘ငါပြောထားတဲ့ ကတိလေ’

‘သြော်… အေး’

ပြောတဲ့ သူက ပြောသည် ။ ခေါင်းညိတ်ကာ ကတိတည်တဲ့ သူက တည်နှင့် ထိုကတည်းက ကိုထော်ကြီးက မိထော်ကြီး အဖြစ် ပြောင်းလဲခွင့် ရသွားကာ တစ်ရွာလုံး မင်းမူနေခဲ့သော ကိုထော်ကြီးက အခု တင်မမွေးမှာ မိန်းကလေးဆိုပြီး အတတ်ဟောနေ ပြောနေသည် ။

‘သမီးလေးမွေးပြီးရင် မိဘ စီးပွားတက်မယ်၊ ကလေးက သူ့အထုပ်နဲ့ သူ လာတဲ့ ကလေးဟဲ့၊ ပြီးတော့ ပြီးတော့ မင်းကြိုက်စိုးကြိုက်နဲ့ လင်သားအရှိန်ကြောင့် လူချစ်လူခင်များ မယ့်ကလေး’

‘ဟွန်း… မထော်ကြီးတို့ ကတော့ လုပ်ပြီ၊ သူ့အမျိုးကို သူ ချီးကျူးနေတာကို မပြီးတော့ဘူး’

တင်စိန်က ထော်ကြီး မကြားအောင် ဟောကိန်းထုတ်တာ မပြီးစီးသေးတဲ့ ထော်ကြီးအတင်းကိုပြောသော တင်စိန်ကို ထော်ကြီးက မျက်ထောင့်နီနဲ့ လှမ်းကြည့်သည် ။

'ဟဲ့... မယုံရင်ကြည့်နေ၊ ဒီမယ်... ငါ့တူမက'

'အား... အမလေး'

'အား... ကျွတ်... ကျွတ်'

စကားမဆုံးသေး၊ တင်မက နေ့စေ့လစေ့ ဗိုက်ကြီးကော့ပြီး ခါးဆီလက်ထောက်ပြီး ရုတ်တရက် ထအော်တော့ တင်မကြောင့် မိထော်ကြီးပြောလက်စစကားက ဒီနေရာတင် ပြတ်၏။

'ဟဲ့... ဟဲ့... တင်မ၊ ဒါ ဘာဖြစ်တာတုန်း'

'အား... အား... ဗိုက်နာတယ်'

'ဟယ်... ဗိုက်နာတယ်ဆိုတော့ ကလေးက အပြင်ထွက်ချင်ပြီ ထင်တယ်'

'အား... အမလေး... လုပ်ပါဦး၊ ဗိုက်ထဲက ပိုနာ လာပြီ'

'ဟဲ့... ဟဲ့... လုပ်ကြပါဦး၊ တင်မ မွေးတော့မယ်'

ကိုထော်ကြီးက အလန့်တကြား အော်လည်း အော်၊ နတ်ခေါင်းပေါင်းကြီးတောင် မချွတ်နိုင်။ ဘယ်ညာစုံချထားတဲ့ ပဝါကြီးနဲ့ လွှားခနဲ တင်မနားရောက် လာပြီး တစ်ယောက်တည်း ပျာယာခတ်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။

'ဟဲ့... မယ်မြတို့ ၊ တင်စိန်တို့ အရီးကြွေကို ပြေးခေါ်ကြပါဟဲ့၊ ဒီမှာ ငါ့ယောင်းမ မွေးချင်ပြီ၊ ငါ့တူမက လောကထဲဝင်ချင်ပြီလို့ မြန်မြန်ပြေး

ပါဟဲ့၊ ဟော့… အရှေ့မှာ ဆော့နေတဲ့ တက်တူ၊ သွား… ကိုမော်ဆီ ဖုန်းဆက်ပြောစမ်း၊ ကိုမော့်မိန်းမ သမီးလေး မွေးတော့မယ်လို့ ’

မထော်အသံကြီးက ရတနာတစ်အိမ်လုံး လှန့်လိုက်သလို ဟိုပြေးဒီလွှား အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည် ။ လက်သည် ပြေးခေါ်သူနှင့် လယ်ထဲလိုက်သွားသူကြားထဲ မထော်ကြီး အသံ ဝါကြီးနဲ့ ဟစ်ကာ ဆုတောင်းနေပုံကလည်း မကြားချင်မှ အဆုံး ရှိသ၍ နတ်ဒေဝါတွေ တစ်ပါးမကျန်။

‘ပစ်မထားပါနဲ့ ကိုယ်တော်ကြီးတို့ ဘုရား၊ ကိုယ်တော်ကြီးတို့ ရဲ့ သမီးတော် တင်မလေးအား မနှေးမမြန် ဝေဒနာတွေ ပျောက်ပြီး ရင်သွေးရတနာ အခုရောက်အောင် တန်ခိုးနှင့် မစတော်မူပ့ါ ကိုယ်တော်ကြီးဘုရား’

မိထော်ကြီး နတ်ဝင်သည် မှ နတ်မင်းတွေ တစ်ပါးမှ အငြိမ်ထိုင်မနေရ။ မထော်ကြီး ဆုတောင်းကို ထိုးဖောက်ပြီး တင်မနာကျင်စွာ အော်လိုက်သံက မချိမဆန့် ထွက်လာ၏။

ထိုညနေမှာ ပဲ ကိုမော်နဲ့ တင်မတို့ အတွက် မထော်ကြီး ဟောကိန်းအတိုင်း သမီးတစ်ယောက် မုချရောက်လာခဲ့၏။

***

# အခန်း(၂)

‘သားတစ်ယောက် မွေးရတာ တကယ် ဝမ်းရေးစပ်တယ်’

‘အမလေး… မမရယ်၊ ထူး ညည်းဖို့ လည်း ထားပါဦး၊ မမညီမ မိထူး တို့ ကမှ တကယ့်ကို ကျွန်ဝယ်ရာ အဆစ်ပါဆိုတာ ဖြစ်နေတာ’

‘နင့်စကားပုံကလည်း ထူးထူးရယ်’

‘တကယ်လည်း ဟုတ်နေတာပဲ မဟုတ်လား မမရဲ့ ’

‘တော်ပါဟယ်၊ စိတ်ရှုပ်နေရတဲ့ အထဲ’

ဒေါ်တူးတူးခင် ညီမကို မျက်စောင်းလှည့်ရှယ်ရင်း လက်က လှုပ်ရှား နေသမျှတော့ အဆက်မပြတ်။ လပ်ဂေ့(ချ်)နီညိုရောင်ထဲ အင်္ကျီတစ်ထပ်၊ ဘောင်းဘီတစ်ထပ် ခွဲခြားစီရင်း ဘေးနားဖြန့်ချထားတဲ့ စာအုပ်ကိုကြည့် လိုက်၊ အဝတ်အစားတွေ ရေကြည့်လိုက်နှင့် စာရင်းနဲ့ ကိုက်မကိုက် စစ် နေပြီးမှ ဒေါ်တူးတူးခင်က အံဆွဲတွေ အဆင့်ဆင့်ပါသော ကော်ပုံးအ သေးစားကို အဝတ်သေတ္တာဘေး ချလိုက်၏။

‘အဲဒီထဲမှာ ခါးပတ်နဲ့ အစက်စရီပစ္စည်းတွေ ပါတယ်မမ၊ ဒီဇာတ်ဝင် ခန်းက သူ ရှိုးပွဲဆိုတာကို ရိုက်မှာ ’

‘အေး… အေး၊ မျက်မှန်အကန့်တွေ ထည့်ပေးထားဦး’

‘ပါပြီ… အဲဒီထဲမှာ ၊ ဖိုးစီကို သေချာမှာ မှ ပါ၊ ဒါမှ မဟုတ်ဘဲ လိုက်

သွားရင် ကောင်းမလားမသိဘူး၊ ဖိုးစီက ရှုတင်ရောက်ရင် မင်းသမီးတွေ ငမ်းရတာနဲ့ သားကို ဂရုစိုက်နိုင်မှာ မဟုတ်ဘူး ၊ ဟိုက ခါးပတ်တောင်း ရင် ဒင်းက ခြေအိတ်ပေးတာတဲ့ မမရဲ့ ’

ဒေါ်တူးတူးခင်က လပ်ဂေ့(ချ်)ကို အပြီးသတ် ပိတ်ရင်း ညီမဖြစ်သူကို လှမ်းကြည့်သည် ။ သား ရိုက်ကွင်းမှာ စီးရမည့် ဖိနပ်တွေကို သူ့ဘူးနဲ့ သူ ထည့်ပြီး ပလတ်စတစ်ပုံးကြီးထဲ စီစီရီရီ ထည့်နေသည့် ထူးထူးကိုကြည့် ကာ သက်ပြင်းရှိုက်လိုက်သည် ။

‘နင့်သဘောနဲ့ နင်လိုက်ချင်တာနော် မိထူး၊ နောက်မှ ဘာဝယ်တာ အဆစ်ပါတယ် ဘာညာနဲ့ ငါ့ကိုမပြောနဲ့ ’

‘စိတ်မချဖြစ်နေတာ မမရေ့၊ သိစိတ်လေးနဲ့ တရားမှတ်တော့လည်း ထူးတို့ လုပ်ပေးနေတာ တစ်နေ့ သူယူမယ့်မိန်းမ ကောင်းစားရေး အတွက် ဆိုတာမျိုးလည်း တွေးမိပါတယ်’

‘ဘာမှ မဆိုင်တာကိုဟယ်’

သားအတွက် အဝတ်အစားမှတ်ထားသော စာအုပ်ကို ပိတ်ရင်း ဒေါ် တူးတူးခင် ထရပ်သည် ။ နံရံကပ်ထားသော သုံးခန်းတွဲ ဗီရိုကြီးရှေ့မှာ ရ ပ်ရင်း စာအုပ်ကို ဗီရိုတံခါးဖွင့်ပြီး အထဲထည့်၏။

‘ဆိုင်တာမှ ဆိုင်ဆိုင် ဆိုင်လို့ မြည်နေသေးတယ်’

ဒီဘက်လှည့်ရပ်တော့ ကိုယ့်နောက်မှာ ညီမဖြစ်သူ ရောက်နေရုံသာ မက နှုတ်ခမ်းပါ စူနေလိုက်သေးသည် ။

‘ကဲ… ရှင်းပါဦး၊ တရားဟောဆရာမရယ်’

မွေ့ရာထူကြီးပေါ် ဒေါ်တူးတူးခင်က တင်ပါးလွှဲထိုင်တော့ ထူးကပါ ဝင်ထိုင်တာ ညီအစ်မနှစ်ယောက် မျက်နှာချင်းဆိုင် ဖြစ်သွားသည် ။

'မမပဲ စဉ်းစားကြည့်၊ သားလေးက ဆယ်တန်းအောင်ပြီဆိုတာနဲ့ သူ့ဘာသာသူ သီချင်းတွေရေး၊ ဆိုနဲ့ စတူဒီယိုမှာ စိတ်တိုင်းကျသွားသွင်းတာကို ပရိုဂျူဆာတွေ ကြားသွားပြီး အခွေထုတ်ပေးတာကနေပြီ အဆိုတော်ဆိုပြီး ဖြစ်လာတာမဟုတ်လား'

'အင်း... အဲဒီတော့'

ညီမကတော့ သိပြီးသားအကြောင်းတွေ ပြန်ပြောပြီး မဆိုင်တာတွေ ဂလိုင်ခေါက်နေပြီလို့ ပြောချင်ပေမယ့် ဒေါ်တူးတူးခင်က ညီမစိတ်ဆိုးသွားမှာ ကြောက်ပြီး နှုတ်ဆိတ်နေသော်လည်း မျက်နှာက ပြုံးစေ့စေ့။ ထူးကတော့ အရှိန်ရပြီးသား စကားကို ဆက်ရန်ကြိုးစား၏။

'သားလေးက တစ်ခွေတည်းနဲ့ အောင်မြင်သွားတော့ ထုတ်လုပ်ရေးပရိုဂျူဆာတွေ ခြေကျင်းလိမ်ညာလို့ သားလေး စိတ်ရှုပ်တယ်ဆိုတာနဲ့ ထူးတို့ ထုပ်လုပ်ရေးထောင်တယ်'

'ငါသိပြီးသားတွေပါ မိထူးရယ်၊ အတူတူလုပ်ခဲ့ကြတာကို နင်က ထပ်ပြောနေတယ်၊ အပျိုကြီးပီပီ သိပ်ဝေ့တာပဲ'

'ဩော်... မမကလည်း ၊ အဲဒါဆိုလည်း မဝေ့တော့ဘူး၊ ဒဲ့ပဲ ပြောတော့မယ်'

'အေး... ပြော... ပြော'

ဒေါ်တူးတူးခင်က စိတ်ရှုပ်သလိုနဲ့ ကိုယ်ကို မတ်မတ်ပြင်ထိုင်သည် ။

'ထူး ဆိုလိုချင်တာက အဆိုတော်ကနေ မင်းသားအဖြစ် ကားတွေရိုက်တော့လည်း သားက အောင်မြင်တာပဲ၊ ထူးတို့ လည်း သားလေးကြောင့် တေးထုတ်လုပ်ရေးတွေ၊ ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းတွေ တိုးပွားလာတယ်ဆိုပေမယ့် ဒါ သားလေးကြောင့်'

‘ဟယ်… ပြောရင်းနဲ့ ဝေ့ပြန်ပြီ’

အစ်မက ရှုံ့ရှုံ့မဲ့မဲ့နှင့် ထအော်က ထူးက သတိရသွားသလို ဇက်က လေးပုကာ ဟီးခနဲ ရယ်သည် ။ ပြီးမှ ရယ်ရှိန်သပ်သည် ။

‘သားလေး အောင်မြင်မှုကိုမက်ပြီး သွေးထိုးကြားဝင်တတ်တဲ့ မိန်းမ နဲ့ ညားသွားရင် ထူးတို့ ငုတ်တုတ်မေ့မယ်၊ ဒါကိုပြောတာပါ’

‘သြော်… မိထူးရယ်၊ သားလေးရှာသမျှ သူ့မိန်းမအတွက်ပေ့ါ၊ နင်က လည်း ၊ ငါတို့ က သားလေးကို မှီခိုစားသောက်နေတဲ့ သူ ကျနေတာပဲ၊ အခု သားလေးအတွက် ရင်းနှီးပေးထားတယ်ဆိုတာ ငါတို့ ချမ်းသာတာ ရဲ့ အဖျားအနားပါဟဲ့’

‘ဟာ… မမတော့ ဝေးပြီဘေဘီပဲ’

‘အံမယ်… နင်က ငါ့ကို’

သူမကို အဘွားကြီးအဖြစ် နိမိတ်ပုံတွေပြပြီး ပြောရင် ဒေါသထွက်တတ်သော ဒေါ်တူးတူးခင်က ရင်ဘတ်ဖိပြီး မျက်လွှာဝင့်ကာ မေးပုံက ငေါ့တော့တော့၊ ရိသဲ့သဲ့။

‘ဟုတ်တယ်လေ၊ ထူးက ငွေကြေးကြောင့် ပြောတာ မဟုတ်ဘူး ၊ အခုတောင် သားလေးကို ကိုယ် မပိုင်တော့တာ တစ်မျိုးခံစားနေရတာ၊ သူ့ မိန်းမကပါ ထူးတို့ ရင်ခွင်ထဲက ဆွဲထုတ်သွားမယ်ဆိုရင် ထူးတို့ ဘယ်လို နေကြမလဲ၊ ဒါကိုပြောတာ’

‘အေးနော်… သားလေးနားက ဟာတွေကလည်း ကဲကဲသဲသဲတွေ ချည်းပဲ’

စိတ်ရှုပ်သလိုပြောပေမယ့် နှမြောတသခြင်းတွေက ဒေါ်တူးတူးခင် မျက်နှာမှာ ဖုံးဖိမရခဲ့ပါ။ ဖတဆိုးလေးမို့ ငယ်ကတည်းက အလိုလိုက်ခဲ့

သည် ။ ဖြစ်ချင်တာ၊ လိုချင်တာ မရှိအောင် ပံ့ပိုးခဲ့တာ လိုတရဆိုသော ဘဝထက်သာသည် ။ သားလေး လိုအပ်၍ တမှ ရတာမျိုးမဟုတ်ဘဲ သားလေး မတခင်ကတည်းက ပစ်ချပေးထားတာမျိုး ဖြစ်သည် ။ မိဘ အမွေအနှစ်အပြင် ခင်ပွန်းသည် ဘက်က စိန်တိုက်ကြီးတစ်တိုက် ပေး ထားခဲ့တာမို့ ဒေါ်တူးတူးခင်တို့ မုဆိုးမဖြစ်ခဲ့ပေမယ့် သားတစ်သက် စား မကုန်သည့် အမွေအနှစ်တွေက အများကြီးဖြစ်သည် ။

'ထူးလည်း ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူး၊ သားလေးကို သ နားတယ်၊ ကိုယ့်အိမ်ထောင်နဲ့ ကိုယ့်သားသမီးနဲ့ ဆို သားလေးကို အခု လောက် ဂရုစိုက်နိုင်မှာ မဟုတ်ဘူး မမရဲ့ ၊ အဲဒါကြောင့် ထူး တစ်သက် လုံး မမတို့ နဲ့ ပဲ နေမယ်၊ သားလေးတစ်ယောက်တည်းပဲ ချစ်မယ်'

ညီအစ်မနှစ်ယောက်စလုံးက စနေသမီးပီပီ စိတ်ပိုင်းဖြတ် နိုင်တာ ချင်းလည်း တူသည် ။ ထူးက ကြေညာခဲ့သည့်အတိုင်း စေ့စပ် တောင်းရမ်းခဲ့သမျှ ယောကျ်ားလေးတိုင်းကို အကြမ်းတစ်မျိုး၊ အနုနည်း နဲ့ တစ်ဖုံ ခေါင်းခါခဲ့သည် ။

'အပျိုကြီးတွေရဲ့ ဘဝက သိပ်အထီးကျန်ဆန်တာနော် မိထူး၊ အရွယ် မလွန်ခင် စိတ်ပြောင်းပြီး စဉ်းစားလို့ ရအောင် ငါသတိပေးတာ'

လေးနှစ်အရွယ် သားလေးရဲ့ ဝေယျာဝစ္စကို လက်နဲ့ မျက်လုံး မပြတ် အောင် ပြုစုထိန်းကျောင်းနေသည့် မိထူးက အစ်မဖြစ်သူစကားကို တစ် ချက်ဂရုမစိုက်ဘဲ မြားဦးကို ဒေါ်တူးတူးခင်ဘက် ပြန်လှည့်သည့်အတွက် အလန့်တကြား ရင်ဖိလိုက်ရသည် ။

'မမ နောက်အိမ်ထောင် ပြုချင်ပြုလေ'

'ဟဲ့… ငါက'

‘အင်းလေ… မမက အိုပြီးသား၊ ထပ်အိုလို့ ဘာမှ မဆန်းတော့ဘူး၊ ထူးက အပျို၊ မအိုချင်တော့ဘူး၊ သားလေးနဲ့ ပဲ နေမှာ ’

ထိုကတည်းက ဒေါ်တူးတူးခင် ညီမဖြစ်သူကို အိမ်ထောင်ပြုရန် မပြောရဲတော့။ တော်ကြာ ကိုယ့်ဘက် မြားဦးထပ်လှည့်လာမှာ ကြောက်၍ ပါ။ ထိုထိုသော ချစ်ခြင်းတရားများကြား လူလားမြောက်လာသော သားလေးဘဝက ကံကောင်းခြင်းတွေနှင့် ပြည့်နေသူဖြစ်သည် ။

‘အဲဒါကြောင့် ထူးက သားလေးကို အလိမ္မာ အိမ်ပါလေးတွေနဲ့ စပ်ဟပ်ပေးရင် ကောင်းမလားလို့ ’

‘အေးဟယ်… ကိုယ့်သားကို နို့နံ့မစင်သေးဘူးထင်ပေမယ့် အခုတောင် တစ်နေ့တစ်ကြိမ် မျက်နှာတော်ဖူးခွင့်ရဖို့ မလွယ်တဲ့ အဖြစ်’

‘ကိုင်း… ဖူးစေဗျာ… ဖူးစေ’

‘ဟယ်… သားလေး’

နောက်ပါးဆီမှ ထွက်လာသည့် အသံကြောင့် ညီအစ်မနှစ်ယောက် တစ်ပြိုင်တည်း အသံလာရာ လှမ်းကြည့်ရင်း မဟာခေါ် သားလေးကို ပြိုင်တူ အသံထွက်ခေါ်မိသည် ။ အိပ်ရာထစမို့ မဟာ့ မျက်နှာက မို့အစ်အစ်လေး ဖြစ်နေသည် ။ ဆံပင်က တစ်ခြမ်းစောင်းအထောင်ကို ဘေးတစ်ဘက်မှာ အပြောင်သိမ်း ရိုတ်ထိုးထားသည် ။ ရယ်မြူးရိပ်သမ်းသော မဟာ့မျက်ဝန်းတွေက ဘယ်တော့မှ တည်တင်းမထားသော မျက်နှာနှင့်လိုက်သည် ။ နှာတံရိုးက ခပ်မြင့်မြင့်မှာ နီမြန်းသော နှုတ်ခမ်းပါး၊ မေးရိုးက ခပ်သွယ်သွယ်ဆင်းကာ အရပ်ကျတော့ အမြင့်ကြီးမို့ သားက နှုတ်ခမ်းနီမလေးတွေ အသည်းစွဲလည်း စွဲချင်စရာ မင်းသားချောလေး ဖြစ်လာရခြင်းဖြစ်သည် ။

‘မောနင်း မေမေ၊ မောနင်း တီလေး’

မအေနဲ့ အဒေါ်ပခုံးကို သိုင်းဖက်ရင်း ပါးတစ်ဖက်စီ ခပ်ဖွဖွနမ်းတတ်တာလည်း မဟာ့ အကျင့်။

‘အခုမှ မျက်နှာသစ်ပြီး ထွက်လာတာမဟုတ်လား သားလေး၊ ရေတောင် ပြောင်အောင်မသုတ်ဘူး’

‘ရပါတယ် တီလေးရဲ့ ၊ လေသလပ်ပြီး ခြောက်သွားမှာ ၊ ကဲ... ပြော၊ မေမေနဲ့ တီလေးရဲ့ စောစောစီးစီး ဆွေးနွေးပွဲကိစ္စ၊ ဘာတွေပြောနေတာလဲ’

မဟာက ခုတင်အောက်မှာ ဒူးထောက်ထိုင်တော့ မအေနဲ့ အဒေါ်ကြား မျက်နှာမူလျက်သား။ အမေနှင့် အဒေါ်မျက်နှာကို တစ်လှည့်စီကြည့်တော့ ညီအစ်မနှစ်ယောက်က မျက်ဝန်းချင်း ဘာသာဖလှယ်ဖြစ်ကြသည် ။

‘ဒီလိုပါပဲ သားရယ်၊ ကဲ... ထ၊ ဒီ ရှုတင်မရှိတဲ့ ဒီမနက်လေးအတွက် မေမေက ရှမ်းခေါက်ဆွဲ လုပ်ထားတယ်၊ သွားစားရအောင်’

‘ဟွန်း... နိုးနိုးချင်း ဂျူ့(စ်)တစ်ခုသောက် သောက်ပါဆို၊ သား လိမ္မော်ရည် သောက် လာပြီးပြီ၊ ဗိုက်ပြည့်နေတယ်၊ ပြောပါ မေမေကလည်း ၊ ရှိတာမှ ဒီသုံးယောက်လေးကို၊ တော့(ပ်)စီးခရက်တွေ လုပ်နေတာ သား မကြိုက်ပါဘူး’

မဟာက မျက်နှာလွှဲပြီး စူပုပ်ပုပ်ဆိုတော့လည်း မအေရော အဒေါ်ပါ ဥပေက္ခာမပြုနိုင်။ အဖြူရောင် လည်ဝိုင်းတီရှပ်၊ ဒူးဖုံးရုံအိတ်တွေ ဗလပွ ဘောင်းဘီတိုနဲ့ မဟာကို ပြုံးတူကြည့်မိကြသည် ။

‘သားလေးက သားကို မိန်းမပေးစားရင် ကောင်းမလားလို့ ’

‘အာ… မယူချင်ပါဘူး’

အဒေါ်ဖြစ်သူ စကားအဆုံးမှာ မဟာ့ပုံစံက ခါးခါးသီးသီး ထဖြစ်ရင်း ရုတ်ခနဲ မတ်တပ်ထရပ်တော့ မိုးထိမတတ် မဟာ့ အရပ်အမြင့်ကြီးမှာ ညီအစ်မနှစ်ယောက်စလုံးရဲ့ မျက်လုံးတွေ ကပ်ငြိပါသွား၏။

‘ဟယ်… ဒါ ဘာဖြစ်တာလဲ သားရယ်၊ သားအသက်လည်း မငယ်တော့ဘူး’

‘အေးလေ… အောင်မြင်ပြီ၊ ကျော်ကြားနေပြီ၊ အဲဒီအရှိန်တွေထိန်းဖို့ ဘေးမှာ အထိန်းအကွပ်ဆိုတာ လိုတယ် သားရဲ့’

‘အာ… မလိုပါဘူး တီလေးရာ၊ မေမေနဲ့ တီလေး ရှိတာပဲ’

‘မေမေတို့ က ရှိတာရှိတာပေ့ါ၊ ဒါပေမဲ့ သားလေးရဲ့ အိမ်ထောင်ဖက် လောက်…’

‘နေပါဗျာ’

မဟာက စိတ်ရှုပ်သလို ဘယ်လိုထိုးဖွဖွ ပုံမပျက်သော ဆံပင်တွေထဲ လက်ငါးချောင်းနှင့် ဆွဲသွင်းရင်း မျက်ခုံးထူတွေကို တွန့်သည် ။

‘တကယ်… မေမေနဲ့ တီလေးက လုံးဝအသစ်ပဲ’

‘ဟဲ့… ဘာဖြစ်လို့ ’

‘တခြားမိဘတွေက အောင်မြင်မှုလျော့သွားမှာ စိုးလို့ ၊ သားလေးကို ငယ်သေးလို့ ၊ နမြောလို့ နဲ့ ရည်းစား ဘာညာတောင် မထားခိုင်းဘူး၊ ဒီမှာ က မိန်းမပါ လာယူခိုင်းနေတယ်၊ နှစ်ထောင့်ဆယ့်နှစ်ရဲ့ လုံးဝအသစ်’

‘ဩော်… သားလေးရယ်၊ တီလေးတို့ က သဘာဝဆိုတာ နားလည်

လို့ သားလေးအတွက် ကောင်းအောင်စီမံပေးတာမျိုးပါ'

'အဲဒီသဘာဝကို တီလေးအတွက် ကောင်းအောင် ဘာလို့ မစီမံခဲ့တာလဲ'

မဟာ့စကားကြောင့် ဒေါ်ထူးထူးခင်မျက်နှာ ရဲခနဲဖြစ်လေသည် ။ ဒေါ်တပ်ခေါ်ရအောင် မရင့်သေးတော့ အဒေါ်ကို မဟာက မျက်တောင်တွေ စိုက်ဆင်းကာ ခပ်တည်တည်ကြည့်သည် ။ တီလေးကိုယ်တိုင်က နုနုဖတ်ဖတ်လှနေတာ အခုချိန်ထိ။ ပခုံးလောက်ရှိသော ဆံပင်တွေကို အပြောင်သိမ်းကာ စုစည်းထားတတ်ပေမယ့် နှာတံကော့ကော့မှာ ထော်လန်လန်လေးရှိသော နှုတ်ခမ်းတွေက စိတ်တိုလာသည့်အခါ ပိုစူထွက်လာစမြဲ။

ညီအစ်မလို့ မပြောရအောင် ဝတ်သမျှက အကောင်းစားပိတ်ကိုမှ ဗမာဆန်ဆန် ခါးတင်ရင်ဖုံးတွေ ရင်စေ့တွေဝတ်ကာ လက်ဝတ်ရတနာကျတော့ ပလက်တီနမ် ကြိုက်တာချင်းလည်း ဘ တူ၏။ လော့ကက်၊ နားကပ်၊ လက်စွပ်ကျတော့ ဝတ်သမျှအရောင်တိုင်း ဆင်တူဝတ်တတ်တာမို့ လူကုံထံလောကမှာ ဒီညီအစ်မက အရှိန်အဝါကြီးသည် ။ သွားရာလမ်းတိုင်း လူတို့ ရဲ့ လည်ပြငေးခြင်းကို ခံရစမြဲ။ ထိုထိုသော ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံသောသူ၏ ရင်နှစ်သည်းချာ တူက မိန်းမယူရန် အဆင်သင့် မဖြစ်ရုံသာမက ချစ်သူရည်းစားဆိုတာ မူးလို့ ပင် ရှူစရာ မရှိသူဖြစ်သည် ။

'သား လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ် မေမေ'

'အေး... အဲဒီလွတ်လွတ်လပ်လပ်ကိုပဲ စိတ်ပူတာ၊ အခု မင်းနားမှာ ဝိုင်းနေတဲ့ သူငယ်ချင်းမက ဟာတွေက'

'မိုင်နာပါ၊ အဲဒါတွေကြည့်ပြီး မိန်းမယူချင်စိတ် ခန်းနေရတာ၊ မရ

တာမှ လိုချင်တာ ယောက်ျားတွေရဲ့ သဘာဝပဲ မေမေ၊ ဒါပေမဲ့ ဒီနေ့အထိ သားဘဝမှာ မရတာ မရှိခဲ့ဖူးတော့ အဲဒီအစီအစဉ်ကြီး ခေါင်းထဲက ထုတ်ပစ်လိုက်ပါ၊ မိန်းမဆိုရင် ဘယ်လိုဟာမျိုးလဲလို့ ခေါင်းထောင်ကြည့်ဖို့ စိတ်မဝင်စားဘူး'

အမေနှင့် အဒေါ်ဖြစ်သူ နှစ်ယောက်စလုံး ငေးကြည့်ပြီး ပြောသွားသည့် မဟာ့စကားထဲမှာ နာခံလိုခြင်း တစ်စက်မှ မပါ။ အဝတ်လဲခန်းထဲက ဦးအောင်ထွက်သွားပြီး အခန်းဝရောက်မှ ခေါင်းပြန်ပြူလာသည် ။

'မေမေ... ရှမ်းခေါက်ဆွဲ လာပြင်ပေး'

'အေး... အေး'

'တီလေး'

'ဘာလဲ'

ထူးထူးခင်က မကျေလည်ခြင်းများ စွာနဲ့ တူဖြစ်သူကို မျက်လွှာပင့်ကြည့်ရင်း မကျေမနပ် ခပ်ထောင့်ထောင့် ထူးသည် ။

'သိပ်လည်း ဒေါသဖြစ်မနေနဲ့ ဗျာ၊ တီလေး အရင်ယောက်ျားယူပြီးမှ ကျန်တာ ဆက်ဆွေးနွေးတာပေါ့'

'အပတ်... ဟား... ဟား'

မဟာက အဒေါ်ဖြစ်သူကို စပြီး ရယ်ရယ်မောမော နေရာက လှစ်ခနဲ ပြေးသွား၍ အပျိုကြီး ဆတ်ဆတ်ခါ ကျန်ခဲ့သည် ။

'ကြည့်စမ်း... မမသား ပြောသွားတာ ကြားလား'

'အေးပါဟယ်၊ သားက ပျော်ချင်လို့ သူ့အဒေါ်ကို စသွားတာပါ၊ ထူး စိတ်ဆိုးမှန်းသိရင် သားက ပိုတောင်ပျော်ဦးမှာ ၊ ကဲ... လာ၊ ရှမ်းခေါက်ဆွဲ

သွားစားကြမယ်’

အစ်မဖြစ်သူက ညီမကို ချော့မော့ပြီး ရှေ့ကထွက်သွားသည် ။ မရတာမှ လိုချင်တဲ့ သဘာဝကို လွန်ဆန်ပြီး မတဘဲ မလိုဘဲ ရှေ့မှောက်အရောက် ဖန်တီးပေးခဲ့တာကိုက အချစ်လွန်အပြစ်တွေ ဖြစ်လာ၏။

မဟာကတော့ ကြော်ငြာပြီးသွားပြီ။ မိန်းမကိစ္စ စိတ်မဝင်စားပါတဲ့ ။ စိတ်မဝင်စားခြင်းအား စိတ်ဝင်စားအောင်လုပ်ဖို့ နည်းတွေအများကြီး ရှိကြောင်း မဟာသိအောင် သက်သေပြချင်သည် ။

***

# အခန်း(၃)

သားအခန်းရှေ့မှာ ရပ်လိုက်ကတည်းက သားအသံကို စကြားရ၍ နေရာမှ အသာရပ်နေလိုက်သည် ။

'စိတ်မဝင်စားဘူးလို့ ဘယ်သူပြောလဲ'

'×××'

'တကယ်ပြောတာပါ၊ ခင်ပါတယ်'

အခန်းထဲကို လှမ်းကြည့်လိုက်တော့ သားဖြစ်သူ မဟာ ကဖုန်းကို ပခုံးနဲ့ မေးရိုးကြား ညှပ်ပြီး စကားပြောနေရင်းက ရှေ့ရှိ ကွန်ပျူတာကီးဘုတ်တွေပေါ်မှာ လက်ချောင်းတွေက သွက်သွက်ပြေးလွှားမပျက် အလုပ်ရှုပ်နေတာ မြင်ရသည် ။

'အဟား... မဟုတ်ပါဘူး၊ ဒီအလုပ်ဆိုတာ ပရိသတ်ရှိမှ ရပ်တည်လို့ ရတာမျိုးပါ၊ ဒါကြောင့် အားပေးတဲ့ အတွက် ကျေးဇူးတင်တယ်၊ အဟွန်း ... ရည်းစားတော့... အဲ... မရှိပါဘူး၊ မေမေက ပြောထားတယ်၊ ရည်းစားထားဖို့ ငယ်သေးတယ်တဲ့ '

'ဟင်'

တံခါးမခေါက်ဘဲ အိပ်ခန်းထဲဝင်လာသည့် ဒေါ်တူးတူးခင်မှာ မဟာ့စကားကြောင့် မျက်လုံးပြူးသွားသည် ။ အပြာရင့်ရောင် ညဝတ်အင်္ကျီကို

ရင်တစ်ခြမ်းဖုံး ကြိုးစည်းထားသည့် မဟာက မအေကို တွေ့တာနဲ့ ဖျတ်ခနဲ ပြုံးပြရင်း တစ်ဖက်က စကားပြောနေသူကို ချက်ချင်း နှုတ်ဆက်သည် ။

'ဒါပဲနော်… ချိုတေး၊ ကိုယ့်မေမေ လာနေပြီ၊ ဂွတ်နိုက်(ထ်)'

လက်ထဲကဖုန်းကို ချလိုက်ပေမယ့် မဟာ့မျက်ဝန်းတွေက ကွန်ပျူတာဆီပဲ ပြန်ရောက်သွားကာ အလုပ်ရှုပ်နေပြီးမှ အမေ့ကို လှမ်းကြည့်သည် ။

'မေမေက စောစောစီးစီးတော့ မလာဘူး'

'ဒီမှာ မင်းအတွက် သံပုရာရည်လာပို့တာ၊ စတူဒီယို သွားရမယ်ဆို'

'ရက်(စ်)… မားသား၊ ဆယ်နာရီဆို ဟိုကောင်တွေ လာခေါ်မှာ '

'အဲဒါတွေလုပ်တာ မပြီးသေးဘူးလား သားရယ်၊ ဖုန်းလည်း ပြော၊ ကွန်ပျူတာလည်း နှိပ်နဲ့ ၊ ရှူတင်က ညနေမှ နားတယ်၊ အိမ်ရောက်တော့ ဒါတွေနဲ့ အချိန်ကုန်နေတာ၊ တရေးတမော အိပ်ပါလား၊ ည အသံသွင်းရင် ဘယ်လောက်အထိ ကြာမယ်မှန်းမသိ'

'မိုးလင်းမှာ ပဲ မေမေရေ၊ စောစောက ဖုန်းထဲမှာ ရစ်နေလို့ မေမေလာမှ စကားဖြတ်လိုက်ရတာ၊ အွန်လိုင်းပေါ်လည်း တစ်ယောက်ပြီးတစ်ယောက် ဝင်လာတာကိုလည်း ပြောရသေးတယ်'

'အေး… ဒီမှာ လည်း တစ်ယောက်၊ နေ့လယ်က ရိုက်ကွင်းမှာ မိတ်ဆက်ခဲ့တဲ့ သူတဲ့ '

အခန်းဝမှာ တီလေးက ရောက် လာပြီး မဟာ့ရှေ့မျက်နှာနားအထိ သူ့ဖုန်းကို မေးထိုးပြသည် ။ မဟာက ကွန်ပျူတာကို ပိတ်ပစ်ရင်း ခုတင်ပေါ်ကဆင်းပြီး ဖုန်းလှမ်းယူ၏။ ကိုယ့်ကိုချစ်တဲ့ ပရိသတ်ဆိုတော့

စိတ်ရှည်ရသည် ။

'ဟဲလို'

မဟာက လည်ပင်းကို ခပ်ညှစ်ညှစ်လုပ်ကာ အသံပြောင်းထူးတော့ တီလေးက မျက်ခုံးတွန့်သည် ။

'ဗျာ... ကျွန်တော် မဟာ မဟုတ်ဘူး ဗျ'

'အာ... မဟာ မရှိတော့ဘူးဗျ။ အခုတင် စတူဒီယိုထွက် သွားပါပြီ'

နားထောင်နေတဲ့ အဒေါ်က မျက်လုံးပြူးပြီး မေမေက ရင်ဘတ် ဖိသည် ။ မဟာကတော့ ဟန်ကြီးပန်ကြီးနဲ့ ဆက်လိမ့်သည် ။

'ဗျာ... ဖုန်းကိုင်တဲ့ အစ်မကြီးက ရှိတယ်ပြောတလား၊ အဟား... ဆောရီးဗျာ၊ အဲဒီအစ်မကြီးက နားသိပ်မကောင်းဘူးဗျ'

'ကြည့်စမ်း'

တံခါးဝကနေ လက်သီးဆုပ် အံကြိတ်ပြီး တူးတူးခင်က ခေါ်ပေမယ့် မဟာတို့ က ဂရုစိုက်သည့် အကြည့်တစ်ချက်ပင် ရွေ့မလာ။

'မဟာအကြောင်း သိသားနဲ့ ဗျာ၊ သူက ပရိသတ်ဆို လေးစားပြီးသား ပါ၊ ရှိရင် အမြဲဖုန်းလက်ခံ ပြောတာပဲ၊ အဟွန်း... ဟုတ်ကဲ့ဗျာ၊ စိတ်ချ... ပြောပေးထားပါ့မယ်၊ ဟုတ်ကဲ့... အားပေးတဲ့ အတွက် ကျေးဇူးတင်ပါ တယ်'

မဟာ ဖုန်းပြောပြီးတာနဲ့ ထူးထူးခင်က အနားရောက်လာကာ...

'ဘယ်လိုပြောလိုက်တာလဲ သားရယ်၊ အဒေါ်ကို'

'အေးလေ.... နားမကောင်းဘူး ဘာဘူးနဲ့ ၊ မင်းတော့ ငရဲကြီးတော့ မှာ ပဲ'

ဒေါ်တူးတူးခင်ကပါ မဟာနား လာရပ်တော့ ညီအစ်မနှစ်ယောက် တစ်ဖွဲ့တည်းလို အင်အားတောင့်တင်း သွားတာကို မဟာ စိတ်ရှုပ်ထွေးစွာနဲ့ ကြည့်ရင်း တစ်ချက်ရယ်လိုက်သည် ။

‘တီလေး ငရဲမကြီးချင်တော့ ကျွန်တော်ပဲ ငရဲအိုးထဲ ဒိုင်ဗင်ပစ်ဆင်းရတော့တာပေ့ါ၊ တီလေးက ရှိတယ်… ရော့ ဆိုပြီး ဖုန်းလာပေးတာကိုးဗျ’

‘ဟယ်… တီလေး ဘုရားခန်းကအထွက်မှာ ဖုန်းဝင်လာတာလေ၊ လိမ်လို့ ဘယ်ဖြစ်မလဲ၊ သီလတစ်ပါး ကျိုးသွားမှာ ပေ့ါ’

‘သိပါတယ်ဗျာ၊ ဒီဝတ်စုံမြင်တာနဲ့ ’

မဟာက စိတ်ရှုပ်လာတိုင်း သားလို့ သုံးနှုန်းနေရာက ကျွန်တော်တွေဘာတွေ ဖြစ်ကုန်သည် ။ အခုလည်း အဖြူရောင်အင်္ကျီ၊ အညိုရောင်ထဘီနှင့် အဒေါ်ကို မြင်ကတည်းက သူသဘောပေါက်ပြီးသား ဖြစ်သည် ။

‘ပြဿနာက အဲဒါပဲ၊ ဒီအိမ်မှာ ယောကျာ်းလေး အဖော်အလှော်က ဘာဆိုဘာမှ သုံးစားမရတဲ့ ဟာတွေ၊ ဖိုးစီဆို ရှူတင်သာလိုက်တာ၊ နေပူနေ ထီးမိုးဆို ထီးပဲမိုးတာ၊ တခြားလူတွေလို ယပ်ခတ်ပေးရမလား၊ အအေးတိုက်ရမလား၊ ဘာမှ မသိဘူး၊ ဒါဆိုဒါပဲ၊ ရာဇကျတော့ ကားမောင်းဖို့ ပဲ အသုံးကျတယ်၊ အခု တီလေးကျတော့လည်း သီလမကျိုးချင်တော့ လာသမျှဖုန်းလက်ခံ၊ ကျွန်တော့်ဆီ ဒိုင်ခံပေးနဲ့ ၊ ဒီကောင်က လာသမျှ ပြေပြေလည်လည် လက်ခံစကားပြောတော့ အီစီကလီ လုပ်တယ်၊ အတွဲများ တယ်နဲ့ မေမေတို့ စိတ်မချဖြစ်သေးတယ်’

‘ဒါကတော့ သားရယ်၊ မေမေတို့ က စိတ်ပူတာကိုး’

‘ပရိသတ်ကတော့ သူတို့ သဘောကျတဲ့ မင်းသား မင်းသမီးနဲ့ နှစ်ဆ

ယ့်လေးနာရီမကဘူး စကားပြောချင်မှာ ၊ တွေ့ချင်မှာ ပဲ၊ ကျွန်တော်က လည်း ဆယ်လီဘာရစ်တီလုပ်ပြီး မပြောချင်ဘူး၊ သွား... လို့ မောင်းထုတ် ပစ်လို့ ရတာ မဟုတ်ဘူး မေမေ’

‘အဲဒါကြောင့် တီလေး ပြောတာပေ့ါ၊ သား မိန်းမယူပါဆို၊ အဲဒါဆို ဒီ ကိစ္စတွေ ရှင်းသွားမှာ ပဲ’

မဟာ့စကားကြောင့် တီလေးက သူ ဖြစ်ချင်တာဝင်ပြောတော့ မဟာ က စိတ်ရှုပ်ခြင်းဖြင့် ခါးထောက်လိုက်၊ ဆံပင်တွေ ထိုးဖွလိုက်နှင့် လုပ် နေ၏။

‘သားပြောတာ အဲဒါ မဟုတ်ဘူး ဗျ၊ လမ်းကြောင်းတွေ လွဲကုန်ပြီ၊ မိန်းမ မယူဘဲ တီလေးနဲ့ မေမေ ရှိန်တိန်နည်းနည်းလုပ်ပေးရင် ရပြီ၊ ဒါ မှ မဟုတ် တေဇကို ကျွန်တော့် မန်နေဂျာအဖြစ်’

‘အမလေး.. တေဇတော့ မေမေ မကြိုက်ဘူးနော်၊ ကန့်ကွပ်တယ်၊ ဒါ ပဲ’

‘ဟာ... မေမေရာ’

မွေ့ရာထူကြီးပေါ်မှာ မဟာ ခြေပစ်လက်ပစ် နောက်ပြန်ထိုင်ချလိုက် သည် ။ ဒေါ်တူးတူးခင်က သားကိုကြည့်ရင်း ရေညှိစမ်းရောင် အင်္ကျီကို ခါးစပ်ဆီမှ စန့်စန့်ရန့်ရန့်ဖြစ်အောင် ဆွဲချကာ စကားပြောရန် အရှိန်ယူ လိုက်သည် ။

‘တေဇကို မေမေလည်း မြင်နေတာပဲ၊ သီချင်းလည်း ဖြစ်အောင်မဆို၊ သီချင်းရေးသလားဆိုတော့လည်း မဟုတ်၊ ဒီကြားထဲ စီးကရက်ကို လက်က မချဘူး’

‘မမကလည်း ဘီယာပါ ရေသောက်သလို မော့နေတာ၊ ရည်းစားတွေ

နဲ့ ရှုပ်ထွေးပွေလိမ်နေတာ၊ ရန်ပွဲဖြစ်လို့ ဒဏ်ရာက ဒင်းခန္ဓာကိုယ်ပေါ် သက်စေ့ဖြစ်နေတာပါ ထည့်ပြော'

'ဟွန်း... တီလေးက သူများ အတင်းကျတော့ တည့်ပြောတာ ဝတ်ထားတဲ့ ယောဂီကို အားမနာဘူး၊ ပြောတတ်လိုက်တာ တဒက်ဒက်နဲ့ '

'အမှန်ကို အမှန်အတိုင်းပြောတာ ငရဲမကြီးဘူးဟဲ့၊ ဘာဖြစ်လဲ'

'မြင်တာပြောတာ၊ ဒီကြားထဲ တက်သစ်စ မင်းသမီးတွေနဲ့ မိတ်ဆက်ပြီး ရိသဲ့သဲ့ မြှောက်ပေးတာက ပါသေး'

'ဟုတ်တယ် သား'

မေမေက မဟာ့ဘေးမှာ လာထိုင်ပြီး ပခုံးကို သိုင်းဖက်ကာ လေပြည်နှင့်ချော့သည် ။

'မေမေတို့ က ထုတ်လုပ်ရေးကိစ္စတွေ၊ သား ရိုက်ရမယ့် ဇာတ်လမ်းရွေးရတာတွေနဲ့ ၊ ဒီကြားထဲ စိန်တိုက်ကိစ္စက ရှိသေးတယ်၊ ဘာသာရေးဘက်လည်း လျော့လို့ မဖြစ်ဘူး၊ ဒီတော့ သားလေးစိတ်တိုင်းကျ မလုပ်ပေးနိုင်တာတွေရှိပေမယ့် သားလေးစိတ်တိုင်းကျမယ့် လူကိုလည်း မေမေတို့ က စိတ်မချပြန်ဘူး'

'အဲဒါကြောင့် စိတ်ချရတဲ့ သူနဲ့ စပ်ဟပ်ပေးမယ်လို့ ပြောတာ'

တီလေးကပါ အခန်းထဲဝင် လာပြီး ဘေးတစ်ဖက်မှာ ညှပ်ထိုင်တော့ မဟာက အလယ်မှာ ။ ဘေးကျပ်နံကျပ်ဆိုတာ ဒါမျိုးပဲလားလို့ မတွေးရသေးခင်မှာ ပဲ မေမေက စကားထပ်ဆက်သည် ။

'သား အိမ်ထောင်ပြုမယ်ဆိုရင် မေမေတို့ စိတ်ချရပြီ၊ သားလေး ဒုက္ခရောက်မယ့်ကိစ္စမျိုး သူက လုပ်မှာ မဟုတ်တာ တစ်ခုတည်းနဲ့ တင် ဒါ မေမေနဲ့ တီလေးတို့ စိတ်တိုင်းကျပုံသွင်းလို့ အဆင်ပြေပြီ'

‘ဟုတ်တယ် သား၊ တီလေးတို့ ပတ်ဝန်းကျင်မှာ သင့်လျော်မယ့် မိန်းကလေးတွေ အများကြီးပဲ၊ ရုပ်ချောတယ်၊ ပညာတတ်တယ်၊ ချမ်းသာရမယ်’

‘တော်ပါပြီဗျာ’

လွတ်ကင်းအောင် တိမ်းရှောင်နေလည်း နောက်ဆုံးဆိုက်တာက ဒီဘူတာမို့ မဟာ စိတ်ရှုပ်စွာ ထအော်ဖြစ်သည် ။

‘အထက်ပါ အရည်အချင်းနဲ့ ပြည့်စုံလို့ ရင်ခွင်ထဲ တီလေးက ပစ်ထည့်လည်း မကြိုက်ပါဘူးဆိုပြီး ကိုင်ပေါက်ပစ်ရအောင် အရုပ်မှ မဟုတ်တာ၊ ဒါသင့်တော်တယ်၊ မသင့်တော်ဘူး ရွေးရအောင်လည်း အိမ်ထောင်ရေးက အလုပ်ခွင်အင်တာဗျူး မဟုတ်ဘူး တီလေး၊ မလိုအပ်တာ ထပ်ဖြည့်လို့ ပိုလာမှာ ကလွဲပြီး ဘာမှ မထူးဘူး မေမေ’

‘ဒါပေမဲ့ သား အခုဖြစ်နေတဲ့ အခက်အခဲတွေ သူရှင်းပေးမှာ လေ’

မျှော်လင့်တကြီး မျက်ဝန်းတွေနဲ့ မော့ပြီး ပြောလာတဲ့ မေမေ့ကို ကြည့်ပြီး မဟာက ခေါင်းယမ်းလိုက်၏။

‘အခက်အခဲ ရှင်းချင်တာနဲ့ အိမ်ထောင်ပြုဖို့ အထိ မလိုအပ်ဘူး မေမေ၊ ဒါ ရင်ဘတ်နဲ့ သက်ဆိုင်တဲ့ ကိစ္စ၊ ဒီရင်ဘတ်က တောင်းဆိုမှ ပဲ ကျွန်တော် စဉ်းစားတော့မယ်’

‘ပြောရခက်လိုက်တာ သားရယ်’

တီလေးက ရှုံ့ရှုံ့မဲ့မဲ့ မျက်နှာနှင့် ညည်းသည် ။

‘တီ… တီ… တီ’

အိမ်ရှေ့က ကားဟွန်းဟံကြောင့် မဟာ့အခန်းထဲရှိ မေမေနဲ့ တီလေး

က လှုပ်လှုပ်ရှားရှား ဖြစ်သွားသည် ။

'ဟေ့ကောင်… မဟာ၊ ဒိုးမယ်ဟေ့'

'ဟိုကောင်တွေ လာပြီ၊ ကျွန်တော် သွားတော့မယ်'

မဟာက ပြောပြောဆိုဆို ညဝတ်အင်္ကျီ ခါးစည်းကြိုး ဖြည်ချပြီး တီရှပ်တစ်ထည် ကောက်စွပ်သည် ။ ဂျက်ကက်တစ်ထည် ပခုံးတစ်ဖက်ပေါ် ဖြစ်သလိုလွှားတင်ပြီး အခန်းထဲက ထွက်တော့ ဖိုးစိ၊ ရာဇာနဲ့ ကျော်ကြီးတို့ က ဖုန်းတစ်ယောက် တစ်လုံးစီကိုင်ပြီး အိပ်ခန်းအဝမှာ စောင့်သည် ။ ဘယ်သူ့မှ မခေါ်ဘဲ မဟာ အောက်ထပ်ပြေးဆင်းတော့ နောက်ပါးမှာ မေမေနဲ့ တီလေး အသံသဲ့သဲ့က ကျောနောက်သို့ ဝင်ဆောင့်၏။

'သားကို အရက်မသောက်စေနဲ့ ၊ ဆေးလိပ်မသောက်စေနဲ့ နော်၊ နင် အိပ်လည်း မငိုက်နဲ့ ဖိုးစီ၊ သေချာစောင့်ကြည့်'

'ကျော်ကြီးက ကားမောင်းတာ သတိထားမောင်း၊ ဘယ်သူပြိုင်ပြိုင် လိုက်မပြိုင်နဲ့ ကြားလား၊ ညဘက်ကြီး မောင်းကြရင် လူကောင်းက နည်းနည်း၊ အမူးအရူးတွေက များများ '

'ရာဇာ… စတူဒီယိုဆို အဲဒီမှာ ပဲ ရှိပစေနော်၊ တေဇက ခေါင်းဆောင် ပြီး ကလပ်တွေ ဘာတွေ ခေါ်သွားတာနဲ့ ငါတို့ ဆီ ချက်ချင်းဖုန်းဆက်၊ ကြားလား'

မရိုးအီနိုင်သော အမေနှင့် အဒေါ်အပျိုကြီး မှာ ကြားချက်တွေကို နားထောင်ရင်း မဟာ့စိတ်တွေက အနာဂတ်ဆီက လွတ်လပ်ခွင့်ကို လှမ်းမျှော်သည် ။ ချစ်တာကို အချစ်လို့ မခံစားရအောင် မဟာ့နှလုံးသားက မွန်းကျပ်နေခဲ့တာ ကြာပြီ။ ချစ်တာနဲ့ ချုပ်ချယ်တာ တခြားစီလို့ မဟာ သိလာတဲ့ အချိန်မှာ ဘေးနား၌ ကိုယ်ရံတော်အများ အပြားက မဟာ့ကို

ကာကွယ်ရန် မဟုတ်ဘဲ မေမေနဲ့ တီလေးတို့ ရဲ့ အလိုကျ ဘက်တော်သားတွေဖြစ်မှန်း သိလာ၏။

သူ မိန်းမယူရင် တကယ်ပဲ ဒီအရှုပ်တွေထဲက ရှင်းသွားမှာ လား၊ ပို ရှုပ်သွားမှာ လား။

ကိုယ့်အတွေးကိုယ် သဘောကျစွာ မဟာ ပြုံးလိုက်၏။

***